# အမှာစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် မြန်မာသမိုင်းအဖွဲ့ဝင် ပညာရှင်ကြီးများ၏ လက်ရွေးစင်စာတမ်းများကို စုစည်းထုတ်ဝေခဲ့သည့် အစဉ်အလာနှင့်အညီ မြန်မာသမိုင်းအဖွဲ့ဝင် ဦးမြဟန် ရေးသားပြုစုခဲ့သော လက်ရွေးစင်စာတမ်းများကိုလည်း ထုတ်ဝေလိုက်ပြီဖြစ်သည်။ ဤစာအုပ်တွင် မြန်မာဘာသာဖြင့် စာတမ်းသုံးစောင်နှင့် အင်္ဂလိပ်ဘာသာဖြင့် စာတမ်းသုံးစောင် ပါဝင်ပါသည်။ ဦးမြဟန်သည် ဂျပန်ခေတ်မြန်မာ့သမိုင်းကို အထူးပြုလေ့လာသော ပညာရှင်တစ်ဦးဖြစ်သည်နှင့်အညီ ၎င်းရေးသားပြုစုသော သမိုင်းစာတမ်းများသည် ဂျပန်ခေတ်ကို အလေးပေးသုတေသနပြုထားသော စာတမ်းများ ဖြစ်ပေသည်။ ဦးမြဟန်၏လက်ရွေးစင်စာတမ်းများစာအုပ်တွင် စာတမ်း(၆)စောင် ပါဝင်သည့်အနက် လေးစောင်မှာ ဂျပန်ခေတ်ကို သုတေသနပြု တင်ပြထားသောစာတမ်းများဖြစ်သည်။

'ဂျပန်ခေတ်နှင့် မြန်မာ့လွတ်လပ်ရေး'စာတမ်းတွင် ဂျပန်ခေတ်သည် မြန်မာတိုင်းရင်းသားတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပုံ၊ နယ်ချဲ့ဗြိတိသျှတို့၏ လက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းရာတွင် ဖက်ဆစ်ဂျပန်တို့နှင့် ပူးပေါင်းခဲ့ရပုံ၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရေးအတွက် အာရှတိုက်သား ဂျပန်တို့နှင့်ပူးပေါင်းခဲ့သော်လည်း စစ်မှန်သော လွတ်လပ်ရေး မရဘဲ အတုအယောင်လွတ်လပ်ရေးသာရခဲ့ပုံ၊ သို့ရာတွင် ထူးခြားသည့်အကျိုးသက်ရောက်မှုမှာ ဂျပန်ခေတ်အတွင်းက ရရှိခဲ့သည့် စစ်ရေးနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် အထောက်အကူပြုခဲ့ပုံတို့ကို သုတေသနပြု တင်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ဂျပန်ခေတ်သည် စစ်အတွင်းကာလ ဖြစ်သည်ကတစ်ကြောင်း၊ အချိန်ကာလအားဖြင့် တိုတောင်းသည်ကတစ်ကြောင်း၊ ထို့ကြောင့် ၎င်းခေတ်နှင့်ပတ်သက်၍ အထောက်အထားများလည်း ရှားပါးသောကြောင့် ဂျပန်ခေတ်နှင့်ပတ်သက်၍ သုတေသနပြုသူဦးရေ နည်းပါးပေသည်။ ဤသို့ ရှားပါးလှသော သုတေသီများတွင် ဦးမြဟန်သည် ဂျပန်ခေတ် မြန်မာ့သမိုင်းကို တစ်စိုက်မတ်မတ် သုတေသနပြုလာခဲ့သော ဝါရင့်သမိုင်းပညာရှင်တစ်ဦးဖြစ်သည်။ 'ဂျပန်ခေတ်မြန်မာ့စီးပွားရေး'စာတမ်းတွင် စာရေးသူသည် စစ်အတွင်းကာလ မြန်မာ့နိုင်ငံတွင် ကုန်ပစ္စည်းရှားပါးမှု အခက်အခဲများကို တင်ပြထားသည်။ ပြည်တွင်းကုန်သွယ်ရေးလုပ်ငန်းများ အဆင်မပြေမှု၊ ဆန်စပါး အထွက်နည်းသွားသော်လည်း မြန်မာလယ်သမားတို့ ပြည်တွင်းဖူလုံမှုရအောင် ကြိုးပမ်းခဲ့ပုံ၊ အဝတ်အထည်ရှားပါးမှုဖြစ်လာသည့်အခါ ပြည်တွင်းဖြစ်ကို အားပေးရန် ကြိုးပမ်းပုံ၊ ကိုယ်ပိုင်ဖူလုံမှုရရန် ကြိုးပမ်းပုံ၊ ဂျပန်ခေတ်တွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဈေးကြီးသည့်ပြဿနာရှိခဲ့ပုံ၊ အစိုးရအနေဖြင့် စီးပွားရေးအခက်အခဲများကို မည်သို့ဖြေရှင်းပုံတို့ကို ဖော်ထုတ်တင်ပြထားသည်။

မင်းတုန်းမင်းလက်ထက်တွင် အောက်မြန်မာနိုင်ငံသည် ဗြိတိသျှတို့လက်အောက်သို့ ကျရောက်ခဲ့ပြီဖြစ်သည်။ လွတ်လပ်လျက် ကျန်ရှိနေသေးသော အမျိုးသားအထက်မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဗြိတိသျှတို့နှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ ဗြိတိသျှတို့နှင့်သာမက အခြားဥရောပနိုင်ငံများနှင့်လည်း ချစ်ကြည်စွာဆက်ဆံရေးသည် လွန်စွာအရေးပါကြောင်းကို မင်းတုန်းမင်း ကောင်းစွာသဘောပေါက်သည်။ 'မင်းတုန်းမင်းလက်ထက် နိုင်ငံခြားနှင့်ချုပ်ဆိုသောစာချုပ်များ' စာတမ်းတွင် စာရေးသူသည် နိုင်ငံအချင်းချင်း ဆက်ဆံရေးတွင် အနောက်နိုင်ငံတို့ ကျင့်သုံးသောစနစ်တစ်ခုဖြစ်သည့် စာချုပ်စနစ်ကို မင်းတုန်းမင်းလက်ထက်တွင် အများဆုံးကျင့်သုံးလာပုံ၊ စာချုပ်များကို ဗြိတိသျှ၊ ဆာဒီးနီးယား၊ ပါရှား၊ အီတလီ၊ ပြင်သစ်တို့နှင့် ချုပ်ဆိုခဲ့ပုံ၊ ဗြိတိသျှနှင့် မြန်မာတို့ချုပ်ဆိုသော အနောက်ကရင်နီနယ်ဆိုင်ရာစာချုပ်မှလွဲ၍ ကျန်စာချုပ်များမှာ မဟာမိတ်နှင့် ကူးသန်းရောင်းဝယ်ရေးစာချုပ်များသာဖြစ်ကြပုံ၊ စာချုပ်များချုပ်ဆိုခြင်းဖြင့် ဥရောပအင်အားကြီးနိုင်ငံအချို့နှင့် မဟာမိတ်အဖြစ် ဆက်ဆံခွင့်ရပုံတို့ကို မူရင်းအထောက်အထားများဖြင့် တင်ပြထားခြင်းဖြစ်သည်။

ဦးမြဟန်၏လက်ရွေးစင်စာတမ်းများစာအုပ်တွင် "Popular Literature on King Bayinnaung in Myanmar" စာတမ်းလည်း ပါရှိသည်။ ယင်းစာတမ်းတွင် ဒုတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သူ ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ စွမ်းဆောင်ချက်များကို စာပေများမှရရှိထားသောအထောက်အထားများဖြင့်တင်ပြထားရာ သုတေသီတို့အဖို့ အလွန်အားထားရမည့်စာတမ်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

"A Comparative Study of Japanese Studies in Myanmar and Myanmar Studies in Japan" နှင့် "Japanese Studies in Myanmar (1910-1948)" စာတမ်းများမှာ မြန်မာနိုင်ငံတွင် ဂျပန်ဘာသာကိုလေ့လာပုံ၊ ဂျပန်နိုင်ငံတွင် မြန်မာဘာသာကို လေ့လာပုံတို့ကို နှိုင်းယှဉ်လေ့လာတင်ပြထားသော စာတမ်းများဖြစ်သည်။ ယင်းစာတမ်းများကို စာရေးသူသည် ဂျပန်နိုင်ငံသို့ ကိုယ်တိုင်သွားရောက်လေ့လာပြီး သုတေသနပြုထားခြင်းဖြစ်သဖြင့် ဂျပန်-မြန်မာဆက်ဆံရေးသမိုင်းကို လေ့လာသူများအတွက် အကျိုးရှိစေမည့် စာတမ်းများဖြစ်သည်။

ဦးမြဟန်၏ လက်ရွေးစင်စာတမ်းများစာအုပ်၏ ထူးခြားချက်မှာ မူရင်းအထောက်အထားများကိုပါ ပူးတွဲထည့်သွင်းပေးထားသဖြင့် ဆက်လက်လေ့လာလိုသူ သုတေသီများအတွက် လွန်စွာအကျိုးများခြင်းပင်ဖြစ်သည်။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းပြုစုရေးအတွက် မြန်မာသမိုင်းအဖွဲ့ဝင်ပညာရှင်များ၏ လက်ရွေးစင်စာတမ်းများကိုစုစည်းပြီး စာအုပ်များထုတ်ဝေလျက်ရှိရာ ဦးမြဟန်၏လက်ရွေးစင်စာတမ်းများစာအုပ်သည်လည်း ယခင်ထုတ်ဝေပြီးဖြစ်သော စာအုပ်များနည်းတူ သမိုင်းဘာသာရပ်ကို လေ့လာသူ စာဖတ်ပရိသတ်အတွက် အကျိုးရှိစေမည့်စာအုပ်ဖြစ်ကြောင်း အလေးအနက်ယုံကြည်ပါသည်။

ဒေါက်တာကျော်ဝင်း
အတွင်းရေးမှူး
မြန်မာ့သမိုင်းအဖွဲ့

# မာတိကာ


| စဉ် | အကြောင်းအရာ | စာ |
|---|---|---|
| - | မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၏ အမှာစာ | ကူ |
| ၁။ | ဂျပန်ခေတ်နှင့်မြန်မာ့လွတ်လပ်ရေး | ၁ |
| ၂။ | ဂျပန်ခေတ်မြန်မာ့စီးပွားရေး | ၄၇ |
| ၃။ | မင်းတုန်းမင်းလက်ထက်နိုင်ငံခြားနှင့်ချုပ်ဆိုသောစာချုပ်များ | ၆၉ |
| 4. | Popular Literature on King Bayinnaung in Myanmar | 109 |
| 5. | A Comparative Study of Japanese Studies in Myanmar and Myanmar Studies in Japan | 121 |
| 6. | Japanese Studies in Myanmar (1910-1945) | 147 |
| - | သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ထုတ်ဝေခဲ့သော စာအုပ်များ | |
| - | စာရေးသူအတ္ထုပ္ပတ္တိ | |